ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ဝန်ကြီးရုံး

နေပြည်တော်

အမိန့်ကြော်ငြာစာအမှတ် ( ၅၅ /၂၀၁၆)

၁၃၇၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၇ ရက်

(၂၀၁၆ ခုနှစ်၊ ဇူလိုင် ၂၅ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသည် မြန်မာ့ပုလဲလုပ်ငန်း ဥပဒေ ပုဒ်မ ၄၁၊ ပုဒ်မခွဲ(က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့် ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို မြန်မာ့ပုလဲလုပ်ငန်းနည်းဥပဒေများကို **ဒုတိယအကြိမ်**ပြင်ဆင်သည့် နည်းဥပဒေများဟုခေါ် တွင်စေရမည်။

၂။ မြန်မာ့ပုလဲလုပ်ငန်း နည်းဥပဒေများ၏ နည်းဥပဒေ ၇၊ နည်းဥပဒေခွဲ(ဂ)အား အောက်ပါအတိုင်း အစားထိုးရမည်-

" ၇။ (ဂ) ဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ(ခ)အရ ခွင့်ပြုမိန့်ရရှိသူမှ ခွင့်ပြုမိန့် သက်တမ်းမကုန်မီ ၁ နှစ်ကြိုတင်၍ သက်တမ်းတိုးမြှင့်ရန် လျှောက်ထားလာပါက စိစစ်ပြီးသတ်မှတ်ချက်များနှင့် ကိုက်ညီပါက တစ်ကြိမ်လျှင် ၁၅ နှစ်စီဖြင့် သက်တမ်းတိုးမြှင့်ပေးနိုင်သည်။"

၃။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေများ၏ အခန်း(၈) ခေါင်းစဥ်အား အောက်ပါအတိုင်းအစားထိုးရမည်-

"အခန်း(၈)

"တန်ဖိုးဖြတ်အဖွဲ့၏လုပ်ငန်းတာဝန်များ"

၄။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေများ၏ နည်းဥပဒေ ၂၉ အားပယ်ဖျက်လိုက်သည်။

၅။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေများ၏ နည်းဥပဒေ ၃၀၏ ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည်-

"၃၀။ တန်ဖိုးဖြတ်အဖွဲ့သည် ဥပဒေပုဒ်မ ၂၆ ပါလုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် အောက်ပါတို့ကို ဆောင်ရွက်နိုင်သည်-"

၆။ မြန်မာ့ပုလဲလုပ်ငန်းနည်းဥပဒေများ၏ နည်းဥပဒေ ၃၀၊ နည်းဥပဒေခွဲ(က)အား အောက်ပါအတိုင်း အစားထိုးရမည်-

(က) တန်ဖိုးဖြတ်အဖွဲ့သည် ခွင့်ပြုမိန့်ရရှိသော ဖက်စပ်ပုလဲမွေးမြူရေးကုမ္ပဏီများက ဖော်ယူရရှိသည့် ပုလဲများကိုလာရောက်ပြသလျှင် ပုလဲများ၏ အရည်အသွေး၊ အရေအတွက်၊ အလေးချိန်နှင့် အရွယ်အစားတို့ကို သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ရေးသွင်း၍ တန်ဖိုးသတ်မှတ်ပေးရမည်။"

၇။ မြန်မာ့ပုလဲလုပ်ငန်းနည်းဥပဒေများ၏ နည်းဥပဒေ ၃၇ တွင် နည်းဥပဒေခွဲ (ဂ)၊ (ဇ)၊ (ဈ)နှင့် (ည)တို့ကို ပယ်ဖျက်လိုက်သည်။

၈။ မြန်မာ့ပုလဲလုပ်ငန်းနည်းဥပဒေများ၏ နည်းဥပဒေ ၃၇၊ နည်းဥပဒေခွဲ(ဆ)အား အောက်ပါအတိုင်း အစားထိုးရမည်-

"၃၇။ (ဆ) ဝတ်ဆံသွင်းလုပ်ငန်းစီမံချက်နှင့် ဝတ်ဆံသွင်းပြီးကြောင်း အစီရင်ခံစာများကို တင်ပြအတည်ပြုချက် ရယူရမည်။"

အုန်းဝင်း

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန